အစီးအနင်းစီးထားသူက လမ်းလျှောက်နေသူကို၊

လမ်းလျှောက်နေသူက ထိုင်နေသူကို၊ လူနည်းစုက

လူအများစုကို စလာမ်နှုတ်ခွန်းဆက်ရမည်။

အဗူဟုရိုင်ရဟ် (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏
ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။
အစီးအနင်းစီးထားသူက လမ်းလျှောက်နေသူကို၊ လမ်းလျှောက်နေသူက ထိုင်နေသူကို၊
လူနည်းစုက လူအများစုကို စလာမ်နှုတ်ခွန်းဆက်ရမည်။ ဗုခါရီကျမ်း၏ ဆင့်ပြန်ချက်တွင်
လာရှိသည်မှာ - ငယ်သူက ကြီးသူကို၊ ဖြတ်သန်းသွားသူက ထိုင်နေသူကို လူအနည်းစုက
လူအများစုကို စလာမ်နှုတ်ခွန်းဆက်ရမည်။ [صحيح] [متفق عليه]

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် လူတို့ကြားတွင် “အတ်စ္စလာမုအာလိုင်းကွန်းမ် ဝရဟ်မသုလ္လာဟိ ဝဗရကာသုဟူ” (အသင်တို့အပေါ်သို့အလ္လာဟ်အရှင်မြတ်ထံတော်မှ ငြိမ်းချမ်းသာယာမှု၊ ကရုဏာတော်နှင့် ဗရကသ်မင်္ဂလာများကျရောက်ပါစေ။)ဟူ၍ စလာမ်ပေးနှုတ်ဆက်ခြင်းဆိုင်ရာ စည်းကမ်းတစ်ခုကိုလမ်းညွှန်ပြတော်မူသည်။ ထိုစည်းကမ်းမှာ ငယ်သူက ကြီးသူကို၊ အစီးအနင်းစီးထားသူကလမ်းလျှောက်နေသူကို၊ လမ်းလျှောက်နေသူက ထိုင်နေသူကို၊ လူနည်းစုက လူအများစုကိုစလာမ်ပေးနှုတ်ခွန်းဆက်ခြင်းဖြစ်သည်။

https://sunnah.global/hadeeth/my/show/4243